# သခင်ပြောင်းစေခိုင်းသတ္တဝါ

မြန်မာပြည်သို့ အင်္ဂလိပ်မင်းများ ဖြန့်ချဲ့ဝင်လာပြီး နောက် တံတားကလေးရှိ စိတ္တဇဆေးရုံကို အသစ်မွမ်းမံပြင်ဆင်ရာတွင် အခန်းတစ်ခု၏ ဂူပေါက်ထဲမှ စာရွက်လိပ်ကြီးတစ်လိပ်ကို တွေ့ရလေသည်။ ထိုစာရွက်များတွင် အတော်အတန် သပ်ရပ်ကောင်းမွန်သော ယောကျ်ားလက်ရေးဖြင့် လူတစ်ယောက်၏ ကိုယ်တွေ့ အတ္ထုပ္ပတ္တိဖြစ်ဟန်တူသော ထူးဆန်းသော အတ္ထုပ္ပတ္တိတစ်ခုကို တွေ့ရ၏။ ရေးသားပုံမှာ အဆီအငေါ်မတည့်သော်လည်း စာသွားကို ကောင်းစွာနားလည်နိုင်ပေသည်။ ထိုစာလိပ်သည် စာရေးသူလက်သို့ ထိုဆေးရုံကိုအုပ်ချုပ်သူ အရာရှိတစ်ဦးမှတစ်ဆင့် ရောက်ရှိလာရာ ဇာတ်လမ်းကို တစ်စုံတစ်ရာပြောင်းလဲခြင်း၊ ပြုပြင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ထုတ်နုတ်ခြင်းမပြုဘဲ စာဖတ်သူများနားရှင်းစေရုံမျှသာ ပြင်ဆင်ပြီးလျှင် ရေးသားဖော်ပြအပ်ပါသည်။

ထိုစာလိပ်တွေ့သော အခန်းကလေး၌ ရူးသွပ်သည်ဟု ရုံးတော်မှ စီရင်ချက်ချမှတ်ခြင်းခံရသော ဆရာဝန်ဦးသာ ဆိုသူ နေခဲ့ဖူးရာ သူ၏အမှုတွဲကိုမှ ကောင်းမွန်စွာပြန်၍ ရရှိခဲ့ပေ

သည်။ စာရွက်လိပ်တွင်ပါရှိသော အကြောင်းအရာများနှင့် ထိုအခန်း၌ ချုပ်နှောင်ထားခြင်းခံခဲ့ရသော ဦးသာ၏ အမှုတွဲနှင့် တိုက်ဆိုင်ကြည့်ရှုစဉ်းစားသောအခါ စာရွက်ပါ အကြောင်းချင်းရာများမှာ မှန်သည်၊ မမှန်သည်ကို အပထား၍ သူ၏ အမှုနှင့် ကိုက်ညီလျက်ရှိသည်ကို တွေ့ရသည်။

ထိုစာရွက်များ ကျွန်ုပ်လက်သို့ ရောက်ရှိ၍ ဖတ်ကြည့်ပြီးနောက် စိတ်မနှံ့သူတစ်ယောက်သည် ဤမျှလောက်စီကာစဉ်ကာ ရေးနိုင်ပါမည်လောဟု သံသယဖြစ်မိသည်။ သို့သော် မည်သို့ပင်ဖြစ်စေ အတော်အတန်စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာများ ပါရှိသဖြင့် ယခုထုတ်ဖော်ရေးသားခြင်း ဖြစ်ပါကြောင်း။

စာရေးသူ

* * * * *

## စာရွက်လိပ်အတွင်းမှစာများ

ထိုညဉ့်သည်ကား အပြင်မှ မိုးတချွန်းချွန်း၊ ကောင်းကင်ဆီမှ လျှပ်တပြက်ပြက် ရှိနေ၏။ ထိုမျှသာမက လေကလည်း ထန်လိုက်သေးသည်၊ သံတိုင်ပေါက်များအကြားမှ ကျွံ့ကောက်တွန့်ချိုးသော လျှပ်စစ်၊ လျှပ်ပန်းများသည် ကျွန်ုပ်၏မျက်လုံးများအား ကန်းစေလုမတတ် ရှိသည်။ ထိုညဉ့်မှာ ကျွန်ုပ်အမှုဖြစ်ပွားခဲ့သည့် ညဉ့်နှင့် တထေရာတည်းတူညီလေသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်၏ အဖြစ်အပျက်များကို ယခုပင်ရေးသားပါတော့မည်။

ကျွန်ုပ်ရေးသားအံ့သော အဖြူပွဲတွေများကို ကျွန်ုပ်



လည်း တရားသူကြီးသည် ယုံကြည်ရမည့်အစား ရယ်မော၍သာနေသည်။ ဂျူရီလူကြီးများလည်း ထိုနည်းအတူဖြစ်သည်။ သို့သော် ကျွန်ုပ်ကား မည်သည့်အခါမျှ ကျွန်ုပ်၏ထွက်ချက်ကို မပြောင်းလဲခဲ့ချေ။ ဤသို့လျှင် နောက်ဆုံး၌ ကျွန်ုပ်အား မိမိ၏ စိတ်ကို မိမိအစိုးမရသော လူတစ်ယောက်ဟု စီရင်ဆုံးဖြတ်ကာ ဤနေရာသို့ ပို့လိုက်သည်။ ကျွန်ုပ်ရှုးသွပ်သဖြင့်သာ ဤစာတမ်းကို ပြောပြနိုင်သည်ဟု သူတို့အထင်ရောက်ကြသည်။ သို့သော် ကျွန်ုပ်ပင် ရူးသလော စီရင်ဆုံးဖြတ်သူများပင် ရူးလေသလော ဘုရားသာသိရှိပေလိမ့်မည်။ ကျွန်ုပ်၏ အဖြူပွဲတွေကို ဖတ်ပြီးသူများလည်း ယုံကြည်ချင်မှ ယုံကြည်ကြပေမည်၊ အဘယ်ကြောင့်ဆိုသော် ပထမ၌ ဤကိစ္စကို ကျွန်ုပ်ကိုယ်တိုင်ပင် မယုံကြည်ခဲ့ချေ။ သို့သော် အကောင်အထည်က ရှိနေသဖြင့် ကျွန်ုပ်မှာ ဤဖြစ်မှုကို ခံရပါတော့သည်။

ကျွန်ုပ်သည် ဆရာဝန်တစ်ယောက်ဖြစ်၍ ဆေးဆိုင်ကလေးတစ်ဆိုင်ဖွင့်လှစ်ကာ လှူစွလမ်းတွင် နေထိုင်ခဲ့၏။ ကျွန်ုပ်၏ဆေးဆိုင်ကလေးမှာ လူနာများအား တိုက်ရိုက်ကုသသည်ထက် ဆေးများဖော်စပ်၍ ရောင်းချခြင်းဖြင့် ကျွန်ုပ်မှာ အတော်အတန်စီးပွားဖြစ်လေသည်။

ကောလိပ်တက္ကသိုလ်ပြည် "အက်ဒင်ဘာရာ" မြို့တွင် ဆေးပညာများကို သင်ကြားပြီးနောက် "တီရီဗွားနဗေဒ" "ရက္ခဗေဒ" အစရှိသော ပညာရပ်များတွင် ကျွန်ုပ်မှာအထူးဝါသနာထုံသည် အတိုင်းဂျာမနီပြည်သို့သွားရောက်ကာ တစ်နှစ်ခန့်မျှ ထိုပညာရပ်များကို ဆည်းပူးခဲ့သေး၏။ မြန်မာပြည်သို့ပြန်၍ ရောက်ရှိ

လျှင် အရွယ်လည်းအတော်ထောက်လာပြီဖြစ်၍ အလုပ်မှနုတ်ထွက်ကာ ပင်စင်ယူသည့်သဘောဖြင့် ဆေးဆိုင်ကလေးကို ဖွင့်ခဲ့ခြင်းဖြစ်၏။

ကျွန်ုပ်၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် အဆီထုတ်ယူနိုင်သမျှ သစ်ပင်၊ ပန်းပင်တို့မှ အဆီအနှစ်များကိုထုတ်ယူပြီးလျှင် မြို့ပေါ်ရှိဆေးဆိုင်များသို့ ပေးသွင်းရန်ဖြစ်လေသည်။ ကုလားဆေးဆိုင်များမှာ သူတို့၏ဆေးများကို အိန္ဒိယပြည်မှ တိုက်ရိုက်မှာယူရောင်းချသဖြင့် ပထမ၌ကျွန်ုပ်၏အလုပ်မှာ ကောင်းစွာမအောင်မြင်ဘဲ ရှိသော်လည်း ကျွန်ုပ်၏ပညာအရည်အချင်းနှင့်တကွ မြန်မာပြည်တွင်ထုတ်ယူသော ကျွန်ုပ်၏ သစ်ဥ၊ သစ်ဖုမှ အဆီအနှစ်များမှာ အိန္ဒိယပြည်မှ မှာယူသည်ထက် အဖိုးသက်သာသည့်ပြင် ပို၍လည်း လတ်ဆတ်ကြောင်းသိရှိလာသောအခါ ကျွန်ုပ်မှာ အတော်အတန်ဖောက်သည်များ၍ လာခဲ့လေသည်။

တစ်နေ့သည်၌ ကျွန်ုပ်သည် မြစ်ကြီးနားမြို့နေ မိတ်ဆွေ သစ်တောဝန်ထောက်တစ်ဦးထံမှ ထိုးဆေးရည်များပါသော ဖန်ပြွန်တစ်ခုနှင့် အမှာစာတစ်စောင်ရရှိရာ သူ၏စာမှာ အောက်ပါအတိုင်းဖြစ်၏။

မိတ်ဆွေကြီး

ဒေါက်တာသာ

"မိတ်ဆွေကြီးထံသို့ စာများမရေးဘဲနေသည်မှာ ၃ နှစ်ကျော်ကျော်မျှ ကြာရှိပြီဖြစ်သော်လည်း မိတ်ဆွေကြီး ကျန်းမာ၊ ချမ်းသာလျက်ရှိနေကြောင်းကို နာဂတောင်တန်းသို့ အလုပ်ဝတ္တရားဖြင့် နယ်လှည့်





ရောက်လာသော အရာရှိတစ်ဦးထံမှ ကြားသိရသဖြင့် ဤစာကိုရေးလိုက်ရပါသည်။ ဤစာနှင့်အတူ ထိုးဆေးရည်များပါသော ပြွန်တစ်ချောင်းကိုလည်း ပေးပို့လိုက်ရာ ၎င်း၏စွမ်းရည်သတ္တိမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ထိုးဆေးရည်ကိုပေးသူထံမှတစ်ဆင့် သိရှိရပါသည် . . .

"ထိုဆေးရည်ပုလင်းကို ကျွန်ုပ်လက်သို့ပေးခဲ့သူမှာ အမေရိကန်လူမျိုး ဆေးပညာနှင့်လောကဓာတ်ပညာပါရဂူကြီးတစ်ဦးဖြစ်၍ သူသည် နာဂတောင်တန်းများအတွင်းပိုင်းသို့ လှည့်လည်ရာတွင် နာဂအကြီးအကဲတစ်ဦးထံမှ ရရှိခဲ့သော လက်ဆောင်ပွားတစ်ခုဖြစ်ကြောင်းဖြင့် ကျွန်ုပ်အားပြောပြလေသည်၊ သူသည် ဖန်ပြွန် ၃ ချောင်းယူ၍လာရာ ကျွန်ုပ်အား အလွန်ခင်မင်သဖြင့် တစ်ချောင်းပေးခဲ့ခြင်းဖြစ်သည်။

"အမေရိကန် ဆရာဝန်လောကဓာတ်ပညာပါရဂူကြီး၏ပြောပြချက်အရ ထိုဆေးရည်သည် နာဂဆော်ကဲကြီးတစ်ဦး၏ ညွှန်ကြားချက်အရ လတ်လတ်ဆတ်ဆတ်သေသော တိရစ္ဆာန် ၆ မျိုး၏ ဦးနှောက်များမှ ထုတ်နုတ်ရရှိသော အဆီကိုရုပ်ပြောင်းရုပ်လဲပင်ခေါ် ဆေးပင်၏အဆီဖြင့် ရောစပ်ထားသော ဆေးဖြစ်သည်ဟု သိရ၏။ ထိုအဆီမှာ လူ၏သွေးကြောအတွင်းသို့ ရောက်သွားခဲ့သော် သူ၏အမျိုးအစားကို လိုက်၍ လူ၏စိတ်ကို တိရစ္ဆာန်၏စိတ်အဖြစ်သို့ ပြောင်းလဲသွားစေနိုင်ကြောင်း နာဂလူမျိုးတို့ ယုံကြည်

ချက်ရှိလေသည်။ ထိုနည်းမှာ ထမံသီရှာသားတို့သည် လူအဖြစ်မှ ကျားအဖြစ်သို့ ပြောင်းလဲနိုင်သည်ဆိုသော ရှေးနည်းဟောင်းမျိုးကိုမှတည်ကာ ယခုခေတ်သစ်နည်းဖြင့် တီထွင်ထားသော နည်းဖြစ်ကြောင်းနှင့် နာဂလူမျိုး ဆော်ကဲကြီးက ဆရာဝန်ကြီးသို့ပြောကြားလိုက်သည်ကိုလည်းဆရာဝန်ကြီးထံမှတစ်ဆင့်ကျွန်ုပ်သိရသည်။

"လွန်ခဲ့သော ၃ လလောက်ကပင် ဆရာဝန်ကြီးသည် ထိုဆေးရည်ကို အမေရိကန်ဓာတ်ခွဲရုံများတွင် စမ်းသပ်ရန် ယူဆောင်သွားပြီဖြစ်ရာ ကျွန်ုပ်လက်တွင် ရရှိထားသော ဆေးပုလင်းမှာမူ အသုံးမဝင်ဘဲရှိနေခဲ့ပါသည်။ သို့ရှိစဉ် တစ်နေ့၌ တောရိုင်းတိရိစ္ဆာန်များ အကြောင်းဟု ရေးသားထားသော စာအုပ်တစ်အုပ်ကို စာအုပ်ဟောင်းများထဲမှ အမှတ်မဲ့တွေ့ရှိရရာ ထိုစာအုပ်မှာ မိတ်ဆွေကြီး မန္တလေးတွင် နေထိုင်စဉ်က မိတ်ဆွေကြီးထံမှ ကျွန်ုပ်ငှားရမ်းကြည့်ရှုပြီးလျှင် ပြန်၍မပေးဖြစ်ခဲ့သော စာအုပ်ဖြစ်ကြောင်း၊ စာအုပ်ဖုံးတွင် မိတ်ဆွေကြီး၏ နာမည်ကိုပါ တွေ့ရှိရပါသည်။ ထိုအခါမှ ကျွန်ုပ်၏ဦးခေါင်းထဲသို့ အလင်းရောင်တစ်ခု ဝင်၍လာပါသည်။

"ကောလိပ်ကျောင်းတွင် နေစဉ်က တိရိစ္ဆာန်တို့၏သဘာဝကို လေ့လာသည့်စာအုပ်များကို မိတ်ဆွေကြီးမှာ အထူးဝါသနာထုံကြောင်း ပြန်၍သတိရပါသည်။ ယခုအခါ မိတ်ဆွေကြီးသည် ရန်ကုန်မြို့တွင်





နေထိုင်လျက် သစ်ပင်၊ ပန်းပင်များမှ အဆီများထုတ်ကာ ရန်ကုန်မြို့ရှိ ဆေးဆိုင်များသို့ ရောင်းချလျက်ရှိသည်ဟု သတင်းကြားရပါသည်။ သို့ဖြစ်ရကား ထိုထူးဆန်းသော ဆေးရည်များပါရှိသည့် ဖန်ပြွန်ငယ်ကလေးကို မိတ်ဆွေကြီးအား လက်ဆောင်ပေးလိုက်ရန် ချက်ချင်းပင်စိတ်ကူးပေါက်၍ လာပါတော့သည်။

"ကျွန်ုပ်သိရသလောက်မှာ နာဂလူမျိုးများသည် တောရိုင်းတိရိစ္ဆာန်တို့၏ သဘာဝကို အလွန်လေ့လာလိုက်စားသူများဖြစ်ကြသည့်ပြင် အချို့ခေတ်ပညာတတ် နာဂတို့မှာ လောကဓာတ်ပညာများကိုပင် အတော်အတန်ကျွမ်းကျင်ကြသဖြင့် ဤကဲ့သို့ဆေးမျိုးကို ဖော်စပ်မည်ဆိုက ဖော်စပ်နိုင်စရာ အကြောင်းရှိပေသည်။ ထိုမှတစ်ပါးလည်း အမေရိကန်ပါရဂူတစ်ဦးသို့ နာဂတို့အကြီးအကဲဖြစ်သူ ဆော်ကဲကြီးတစ်ဦးက လက်ဆောင်အဖြစ်ပေးလိုက်သည်ဆိုခြင်းမှာ သာမန် ပေါ့ပေါ့ဆဆပစ္စည်း မဖြစ်တန်ရာ၊ အဖိုးတန်ပစ္စည်းတစ်ခုသော်လည်းကောင်း၊ ထူးခြားဆန်းကြယ်သော ပစ္စည်းတစ်ခုသော်လည်းကောင်း ဖြစ်ရမည်ဟု ကျွန်ုပ်ယူဆမိသည်။

"မည်သို့ပင်ဖြစ်စေ မိတ်ဆွေကြီးမှာ လောကဓာတ်ပညာများကို ခေါက်မိရုံမျှမက သစ်ပင်၊ ပန်းမန်နှင့် တိရိစ္ဆာန်တို့သဘာဝကို လေ့လာခဲ့သူတစ်ယောက်ဖြစ်သည့်အတိုင်း၊ ဤဆေးရည် ပြွန်ကလေးကို ယခုစာနှင့်အတူ မိတ်ဆွေကြီးထံသို့ စာတိုက်မှ

ပါဆယ်ပြုလုပ် ပေးပို့လိုက်ပါသည်။ မိတ်ဆွေကြီး သဘောအတိုင်း အသုံးပြုပါလေ၊ အကယ်၍ ထူးခြား ချက်များရှိကလည်း ကျွန်ုပ်ထံသို့ အကျိုးအကြောင်း စာပြန်ကြားစေလိုပါသည်"

ကျန်းမာ ချမ်းသာစေရန် ဆုမွန်တောင်းပါ ကြောင်း။

ဦးခန့်မောင်
သစ်တောဝန်ထောက်
မြစ်ကြီးနားမြို့။

* * * * *

သစ်တောဝန်ထောက် ဦးခန့်မောင်၏စာကို ဖတ်ပြီး နောက် ကျွန်ုပ်သည် ဖန်ပြွန်ကို သေချာစွာကြည့်ရှုရာ အတွင်း မှ အရည်များမှာ ညိုသန်းသန်း နောက်ကျိကျိအရောင်ရှိသော် လည်း အသေအချာ ပြွန်ကိုလှည့်၍ကြည့်သောအခါ အတွင်းမှ အဖြူလိုင်းကလေးများထလျက် အထူးသဖြင့် မှောင်သောနေ ရာများတွင် မီးစုန်းများကဲ့သို့ တစ်ခါတစ်ခါတွင် ဝင်းခနဲ လက် ခနဲ ဖြစ်၍သွားသည်ကို တွေ့ရ၏။

ကျွန်ုပ်မှာ ဦးခန့်မောင်၏စာကိုဖတ်ပြီးလျှင် ပြောင် လှောင်ရယ်မောမိသေးသည်။ သို့သော် မည်သို့ပင်ဖြစ်စေ ဆေး ၏တန်ခိုးအာနိသင်ကို ခန့်မှန်းနိုင်ရန် ကျွန်ုပ်ဓာတ်ခွဲခန်းအ တွက် မွေးမြူထားသော တိရစ္ဆာန်ကလေးတစ်ကောင်ကောင်ကို အနည်းဆုံး စမ်းသပ်ကြည့်ဦးမည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်မိ သည်။





ဤသို့လျှင် တစ်နေ့သော နံနက်ခင်း၌ ကျွန်ုပ်မွေးမြူ ထားသော သဘော်ယုန်ကလေးတစ်ကောင်အား ထိုးဆေးရည် အနည်းငယ်ဖြင့် သွေးကြောကို ထိုးလိုက်ပြီးနောက် ဆေးတန် ခိုးကို အကဲခတ်ရင်း စောင့်ဆိုင်းကြည့်ရှုလျက်ရှိလေ၏။

ပထမ၌ ယုန်ကလေးသည် မလှုပ်မရှက်ဖြစ်သွားပြီး နောက်အသက်ကိုသာ မှန်မှန်ရှူလျက်ရှိရာမှ တစ်မိနစ်ခန့်ကြာ လတ်သော် မျက်တောင်ကလေးများစင်းကာ ပြူးကြောင်သော မျက်လုံးကလေးများသည် တဖြည်းဖြည်း မှိတ်၍သွားလေတော့ ၏။ နောက်တစ်မိနစ်ခန့်မျှ တစ်စုံတစ်ရာထူးခြားခြင်း မရှိချေ။ သို့သော် တစ်ခဏမျှအကြာ၌ မျက်လုံးကလေးများ ပွင့်လာပြီး လျှင် မျက်တောင်ကလေးများကိုခတ်၍လာသည်၊ ကျွန်ုပ်သည် ယုန်ကလေး၏မျက်လုံးများကို ကြည့်လိုက်ရာ မျက်လုံးကလေး များမှာ ကြောက်ရွံ့လျက်ရှိသော တိရစ္ဆာန်တစ်မျိုး၏မျက်လုံး များနှင့် တူ၍နေလေသည်။

ထို့နောက် ယုန်ကလေးသည် ဆောင့်ကြောင့်ထိုင် လိုက်ကာ ဓာတ်ခွဲခန်းအမိုးတွင် သံကြိုးဖြင့်ဆွဲ၍ချိတ်ထားသော မီးလုံးကို ခုန်၍ဆွဲ၏၊ သို့သော် ၎င်း၏လက်သည်းများမှာ ကုတ်တွယ်မရသဖြင့် ပြန်၍ကျလာသည်။ ထို့နောက် ခန်းဆီး ဆီသို့ ပြေးလွှားကာ တွယ်ကပ်တက်ပြန်၏။ သို့သော် အချည်း နှီးပင်ဖြစ်ခဲ့လေသည်။ ထိုမှတစ်ဖန် ၎င်းသည်ဘီရိုအနိမ့်ကလေး တစ်လုံးပေါ်သို့ ခုန်၍တက်ပြန်ရာ၊ ဘီရိုပေါ်၌ထားသော ဆေး ပုလင်းများသည် အောက်သို့ကျကာ ကွဲရှကုန်တော့၏။ ကျွန်ုပ် သည် ပထမ၌ အံ့အားသင့်၍ကြည့်နေမိ၏။ ထို့နောက်မှ သတိ ရ၍လိုက်ဖမ်းရာ အရိပ်ကိုဖမ်းရသကဲ့သို့ ၎င်းမှာ ဘီရိုအနိမ့်

ပေါ်မှ အမြင့်ပေါ်သို့လည်းကောင်း၊ ထိုမှ ကျပ်နိုးစင်ပေါ်သို့လည်းကောင်း၊ ထိုမှတစ်ဖန် ခြင်ထောင်ပေါ်သို့လည်းကောင်း ခုန်ပေါက်ပြေးလွှားကာ ရှိနေတော့၏။ သို့ပြေးစဉ်၌လည်း ၎င်း၏ပါးစပ်မှ တစွီစွီမြည်သောအသံကလေးများ ရံဖန်ရံခါထွက်ပေါ်လာလေသည်။

နောက်ဆုံး၌ ကျွန်ုပ်သည် ဖမ်း၍မရတော့ဘဲ လက်လျှော့ရတော့၏။ ထို့နောက် ကျွန်ုပ်လည်း လဲကျနေသော ကုလားထိုင်တစ်လုံးကို နေရာတကျထားလိုက်ကာ ကုလားထိုင်ပေါ်တွင်ထိုင်ရင်း ယုန်ကလေး၏ ထူးခြားဆန်းကြယ်သော အပြုအမူကို အကဲခတ်၍ကြည့်မိသည်။ ထိုအချိန်၌ ယုန်ကလေးသည် ဆေးပုလင်းများထည့်သော ဘီရိုကလေးတစ်လုံးပေါ်၌ထိုင်ကာ ၎င်း၏တိုနံ့သော အမြီးကိုကြည့်၍ လန့်ဖျပ်လျက်ရှိသည်၊ ထို့နောက် နားရွက်များကို မွတ်သပ်လိုက်ပြန်ရာ ရှည်လွန်းသည်အထင်ဖြင့် လန့်ဖျပ်၍သွားဟန်ရှိလေသည်။

မည်ကဲ့သို့ဖြစ်ရလေသနည်း၊ ယုန်ကလေးသည် မျောက်တစ်ကောင်ကဲ့သို့ ခုန်ပျံပြေးလွှားလျက်ရှိ၏။ မှန်ပေသည်၊ ယုန်ကလေးကား မျောက်စိတ်ဝင်သွားလေပြီ၊ ဆေး၏ တန်ခိုးပင် အမှန်ဖြစ်တော့သည်၊ ဤသို့ဆိုက ဦးခန့်မောင်၏ စာတွင်ပါရှိသည့်အတိုင်း နာဂလူမျိုးတို့ ယုံကြည်ချက်ကား မှန်ပေလိမ့်မည်၊ ဤဆေးတန်ခိုးမှာ တိရစ္ဆာန်တစ်ကောင်၏ အတွင်းသို့ အခြားတိရစ္ဆာန်တစ်ကောင်၏စိတ် ဝင်ရောက်ခြင်းမှာ ကောင်းစွာထင်ရှားလျက်ရှိနေလေပြီ၊ သို့သော် ဤဆေးရည်သည် အစဉ်အမြဲ ဤသို့ပင်ပြောင်းလဲရန် တန်ခိုးအာနိသင် ရှိလေသလော။





သို့နှင့် ကျွန်ုပ်သည် လှောင်ချိုင့်တွင်ထည့်၍ထားသော ကြွက်ဖြူတစ်ကောင်ကို စမ်းသပ်ကြည့်ပြန်လေသည်။

ကျွန်ုပ်သည် ကြွက်ဖြူကလေးကိုယူပြီးလျှင် ၎င်း၏ သွေးကြောအတွင်းသို့ ဆေးရည်အနည်းငယ်ကို သတိကြီးစွာဖြင့် ထိုးသွင်းလိုက်ပြန်လေသည်။ ကြွက်ကလေးသည် တစ်မိနစ်ခန့်မျှ ငြိမ်သက်စွာရှိနေပြီးနောက် ကိုယ်ကလေးကို တွန့်မြှု၍လာ၏။ ကျွန်ုပ်သည် တတွန့်တွန့် တလိမ်လိမ်ဖြစ်နေသော ကြွက်ကလေးကို စေ့စိုက်ကြည့်ရှု၍နေမိ၏။ ၎င်းသည် အိပ်ပျော်နေရာမှ နိုးလာသည့်အလား ပြူးကြောင်သောမျက်လုံးကလေးများကို ဖွင့်လိုက်ပြီးလျှင် လက်ကလေးနှစ်ဘက်ကို မြှောက်ကာ မြှောက်ကာ ခြေနှစ်ဘက်ဖြင့်ထောက်၍ သွားရန် ကြိုးစားလျက်ရှိသည်ကို မြင်ရ၏။

ကျွန်ုပ်ကား ကောင်းစွာနားလည်ပေပြီ၊ ဆေးရည်သည် အနည်းအများ အချိုးအစားအလိုက် တိရစ္ဆာန်အမျိုးမျိုးတို့၏စိတ်ကို ပြောင်းလဲနိုင်စွမ်းရှိ၏။ ထိုအချိန်၌ ယခင်က မျောက်ကဲ့သို့ ခုန်ပျံ ပြေးလွှားလျက်ရှိသော ယုန်ကလေးသည် ဆေးတန်ခိုး ပျက်ပြယ်သွားသည့် လက္ခဏာဖြင့် နဂိုအတိုင်း သွားလျက်ရှိလေရာ ကြွက်ဖြူကလေးသည်လည်း တစ်ခဏမျှ ကြာသောအခါ ကြွက်၏စိတ်သို့ပြန်၍ပြောင်းသွားသည့်အလား ထောင်ချောက်တွင်းသို့ ပြေးဝင်သွားတော့၏။

* * * * *

ကျွန်ုပ်သည် ထူးဆန်းသော ဆေးရည်၏တန်ခိုးကို တွေ့ရပြီဖြစ်၍ အငြိမ်မနေနိုင်တော့ဘဲ ကျွန်ုပ်နှင့်တစ်ခန်းတည်း အတူနေသူ ဦးဘိုးရွက်ထံသို့ ပြေးသွားပြီးလျှင် အကျိုးအ

ကြောင်းကို ပြောပြလေတော့၏။ ဦးဘိုးရွက်မှာ ပင်စင်အငြိမ်းစားတစ်ယောက်ဖြစ်၍ ငယ်စဉ်က ဘောသမားတစ်ယောက်ဖြစ်ပြီးလျှင် အလွန်ကိုယ်လက်ကြံ့ခိုင်သူတစ်ယောက်ဖြစ်ခဲ့၏။ ယခုသော် ကောင်းစွာမကျန်းမာသည့်ပြင် အရွယ်ကလည်း ကြီးပြီဖြစ်သဖြင့် အားအင်လျော့ပါးလျက်ရှိလေသည်။ ကျွန်ုပ်အား အလွန်ခင်မင်ပြီးလျှင် အသက်မှာမူ ကျွန်ုပ်ထက် ၁၅ နှစ်ခန့်ကြီး၏။ ကျွန်ုပ် တုန်တုန်ရီရီဖြစ်လာရသည့် အကြောင်းကို သူကောင်းစွာရိပ်စားမိသည်။

"ဘယ့်နှယ်လဲဗျို့ ကိုသာ၊ ဘာတွေများ အထူးအဆန်းတွေ့လာပြန်ပြီလဲ . . ."

သို့နှင့် ကျွန်ုပ်လည်း ထူးဆန်းသော ဆေးရည်အကြောင်းနှင့်တကွ ယုန်နှင့် ကြွက်ဖြူကလေးအား စမ်းသပ်ကြည့်ရှုရာ မည်ကဲ့သို့ ထူးခြားစွာတွေ့ရှိရပုံကို အကျဉ်းချုပ်မျှ စိတ်အားထက်သန်စွာ ပြောပြလေ၏။ ဦးဘိုးရွက်မှာ ကျွန်ုပ်၏စကားများကို လွန်စွာစိတ်ပါဝင်စားလျက်ရှိ၏။ သူသည် အိပ်ရာပေါ်သို့ ပြန်၍လှဲချလိုက်ကာ တစ်ခုတစ်ရာကို နက်နဲစွာစဉ်းစားလျက်ရှိပေသည်။

"ဒီမှာ ဒေါက်တာ၊ ကျုပ်တော့ ကျုပ်လိုတာပြည့်ပြီထင်တယ်"

(ကျွန်ုပ်က အံ့အားသင့်လျက်) "ဘာကိုဆိုလိုတာလဲ ဦးဘိုးရွက်ရဲ့"

"ဒီလိုလေ ကျုပ်ငယ်ငယ်တုန်းက အားရွှန်းလ အင်မတန်ကောင်းခဲ့တယ်မဟုတ်လား၊ ဘောကန်တယ်၊ လက်ဝှေ့ထိုးတယ်၊ အလေးမတယ်၊ ကရိကတ်ရိုက်တယ်၊ အို ဘာမဆို





ကျုပ်ကစားတာချည်းမဟုတ်လား၊ အခုတော့ ခင်ဗျားကြည့်လေ လူကလည်း ကောင်းကောင်းမကျန်းမာပြန်၊ အသက်ကလည်း ကြီးပြန်ဆိုတော့ ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်တော့အသုံးကျဦးမှာလဲ ဒေါက်တာရယ်"

"ဒါကတော့ ဘာပဲပြောပြော ကျုပ်က ငယ်ငယ်ကလို ပြန်ပြီး သန်သန်စွမ်းစွမ်းဖြစ်လိုက်ချင်သေးဗျာ၊ စကာပဲ ဖြစ်ရ ဖြစ်ရ"

"ခင်ဗျားပြောတာ ကျုပ်ကောင်းကောင်း သဘောမပေါက်သေးပါဘူး"

"ခင်ဗျာမှာ အခုဆေးရှိပြီ မဟုတ်လား၊ ဒီဆေးကို ထိုးလိုက်ရုံပေါ့ဗျ၊ ကျုပ်ဟာ စကောလောက် တိရိစ္ဆာန်ဘဝပြောင်းပြီး စုန်နိုင်၊ ပျံနိုင်ရှိသွားမှာပေါ့"

"ခင်ဗျား ရူးသလား၊ မဟုတ်တဲ့အလုပ် မစဉ်းစားစမ်းပါနဲ့ဗျာ၊ ခင်ဗျားက ထိုးချင်တောင် ကျုပ်က သဘောမတူနိုင်ဘူး၊ ကိုင်း ခင်ဗျားဟာ မျောက်ဖြစ်ပါပြီတဲ့ဗျာ၊ ဟိုခုန်လိုက် ဒီခုန်လိုက်၊ ဟိုသစ်ပင်တက်လိုက် ဒီသစ်ပင်တက်လိုက်နဲ့ ခင်ဗျားချည့်နဲ့နဲ့ ကိုယ်ကလေးဟာ ဒီလှုပ်ရှားမှုကို ခံနိုင်ပါ့မလား"

"ဒေါက်တာ တစ်ခုမေ့နေပြီထင်တယ်"

"ဘာလဲ"

"ကျုပ်ရဲ့စိတ်က ဒီကျုပ်ကိုယ်ကြီးကိုအုပ်စိုးပြီးနေတော့မှာမှ မဟုတ်ဘဲဗျ၊ တကယ် ကျန်းမာသန်စွမ်းတဲ့ တိရိစ္ဆာန်တစ်ကောင်ကောင်ရဲ့ ကိုယ်ကိုစိုးနေတော့မှာပဲ"

"ဟုတ်ပါ့မလား ဦးဘိုးရွက်ရယ်"

ထိုသို့ ပြောလိုက်ရသော်လည်း ဦးဘိုးရွက်၏ တွေးဆ

ချက်များမှာ မှန်ပေလိမ့်မည်ဟု ကျွန်ုပ်သည် အတန်ကြာစဉ်းစား၍နေမိ၏။ ကျွန်ုပ်ဆေးထိုးခဲ့စဉ်က ယုန်ကလေးကို မျောက်၏စိတ်က အုပ်စိုးလျက်ရှိသည်၊ ယုန်၏စိတ်သည် မည်သည့်နေရာသို့ ရောက်သွားလေသနည်း၊ "လောဂျစ်" ခေါ် ဆင်ခြင်တုံပညာဖြင့် စဉ်းစားလိုက်သော် ယင်းကဲ့သို့ စိတ်ချင်းပြောင်းလဲလျက်ရှိစဉ် ယုန်၏စိတ်သည် အလွန်ဝေးကွာသည့်အရပ် တောနက်ထဲတွင် မျောက်တစ်ကောင်ကောင်၏ ကိုယ်တွင်းသို့ ဝင်ရောက်ကာ ထိုမျောက်သည် ယုန်ကဲ့သို့ ပြူးကြောင်သော မျက်လုံးကလေးများဖြင့် တရွေ့ရွေ့သွား၍နေပေလိမ့်မည်၊ သို့နှင့် ကျွန်ုပ်က . . .

"ဦးဘိုးရွက်ပြောတာ ဖြစ်နိုင်တယ်ဗျို့၊ ခင်ဗျားစိတ်ဟာ တိရိစ္ဆာန်တစ်ကောင်ကောင်ရဲ့ ကိုယ်ထဲဝင်နေပြီး ခင်ဗျာ့ကိုယ်ထဲကို တိရိစ္ဆာန်တစ်ကောင်ကောင်ရဲ့ဝိညာဉ်က ဝင်နေနိုင်တယ်။ နို့ပေမယ့် ဒါဟာ အတော်စွန့်စားရမယ့်အလုပ်ပဲဗျား။ ယုန်ကလေးဖြစ်ပုံမြင်ရတာနဲ့ ကျုပ်တို့သိနိုင်ပြီ"

"ကိုင်း ဒီတော့ ဒီလိုလုပ်ပေတော့ ဒေါက်တာ၊ ကျုပ်ကို ထိုးပေးပြီးတဲ့နောက် ကျုပ်ဦးနောက်အလုပ်မလုပ်နိုင်လောက်ရုံမှန်းဆပြီး ကျုပ်ကိုအိပ်ဆေးတိုက်လိုက်၊ အဲဒါအကောင်းဆုံးပဲ၊ စိတ်က လှုပ်လှုပ်ရှားရှား လုပ်ချင်ဦးတော့ ကိုယ်ကမပါတော့ဘူး"

ကျွန်ုပ်သည် သူ၏စကားများကို အဖန်တလဲလဲ စဉ်းစားလျက်ရှိသည်၊ သူ၏အတွေးအခေါ်များမှာ အကျိုးသင့်အကြောင်းသင့် ရှိလှပေသည်။ ဦးဘိုးရွက်သည် ဤအတိုင်းပြုလုပ်ပေးရန် ကျွန်ုပ်အား အထပ်ထပ်တောင်းပန်လျက်ရှိလေ





သည်။ ဦးဘိုးရွက်က စိတ်အားထက်သန်စွာဖြင့် . . .

"ကျုပ်ဟာ တကယ့်အဘိုးကြီး ဖြစ်နေပါပြီဗျာ၊ ကောင်းကောင်းလည်း မာတာမဟုတ်ဘူး၊ အခု အိပ်ရာထဲမှာ လဲနေတာ ဘယ်လောက်ကြာပြီလဲဗျ၊ နေရလှရင် နောက်တစ်နှစ်ပါပဲ၊ ကျုပ်ဘဝကိုလည်း ကျုပ်ခင်မင်စရာမရှိလှဘူး၊ ကိုယ်ခန္ဓာကြီးဟာလည်း ပိန်ကြုံနေပြီ၊ နို့ပေမယ့် စွန့်စွန့်စားစားလုပ်ချင်တဲ့စိတ်ကလေးကတော့ မကုန်သေးဘူး ဒေါက်တာရဲ့"

"စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး ဆိုပါတော့"

"ဟုတ်တာပေါ့ ဒေါက်တာ။ ဒါကြောင့် အဘိုးကြီးတစ်ယောက်ရဲ့ လိုအင်ဆန္ဒကို မငြင်းစေချင်ဘူး၊ တကယ်လို့ ငြင်းချင်တယ်ထားဦး၊ ကျုပ်တို့နှစ်ယောက် ပေါင်းသင်းဆက်ဆံလာတာက ရှိပါသေးတယ်ဗျာ"

ကျွန်ုပ်ကား ဦးဘိုးရွက်၏ အလိုဆန္ဒကို ခေါင်းညိတ်ရန်မှတစ်ပါး အခြားအကြောင်းမရှိတော့ချေ။

"ခင်ဗျား ဒီဆေးကို ထိုးစမ်းချင်ရင် ကျုပ်ကိုယ်တိုင်လဲ ထိုးရလိမ့်မယ် ဦးဘိုးရွက်"

"မလိုပါဘူး ဒေါက်တာ၊ ခင်ဗျာ့မှာတော့ ဆရာဝန်တစ်ယောက်ဖြစ်လို့ လောကကြီးမှာအသုံးကျတဲ့လူတစ်ယောက်ပါ၊ ကျုပ်မှာတော့ ဘာမှအသုံးဝင်တဲ့လူ မဟုတ်ပါဘူး"

"မဟုတ်ဘူး ဦးဘိုးရွက်၊ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကျုပ်အစီအစဉ်အတိုင်း ဖြစ်ရလိမ့်မယ်၊ ခင်ဗျာ့ကို ထိုးလိုက်လို့ ခင်ဗျားမှာ တစ်စုံတစ်ရာဖြစ်သွားရင် ဒီဟာကို ကျုပ်ကိုယ်တိုင်လည်း ခံယူထိုက်တယ်လို့ ကျုပ်ယူဆတယ်ဗျ၊ မလုပ်ရဘူး၊ မလုပ်ရဘူး၊ ခင်ဗျားတစ်ယောက်တည်း စမ်းသပ်တာကိုတော့

ကျုပ်ဘာယ်နည်းနဲ့မှ ဖွင့်မပြနိုင်ဘူး၊ ခင်ဗျားနဲ့ကျုပ်ဟာ အရင်တုန်းက ဘာယ်နေရာမဆို ကောင်းတူ ဆိုးဘက် လုပ်ခဲ့ကြတာချည်းပဲ မဟုတ်လား"

ဦးဘိုးရွက်သည် ကျွန်ုပ်၏လက်ကို သူ၏လက်ဖြင့် တင်းကျပ်စွာဆုပ်ညှစ်လိုက်လေသည်၊ ကျွန်ုပ်တို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ နှုတ်မှစကား တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိကြသော်လည်း စိတ်ထဲကမူ တစ်ဦး၏မေတ္တာဓာတ်လှိုင်းများကို တစ်ဦး၏ကိုယ်တွင်းသို့ သွင်း၍ နေဘိသကဲ့သို့ ကျွန်ုပ်မှာမူ သူ၏မျက်နှာကို ကြည့်ရခြင်းအား ဖြင့် အလိုအလျောက် ပီတိဖြစ်၍နေမိသည်။

ထို့နောက် ဦးဘိုးရွက်က ကြွင်နာသောအသံဖြင့်–

"ကျုပ် စွန့်စားမယ့် ကိစ္စထဲမှာ ခင်ဗျာကို ဆွဲမထည့် ချင်ဘူး ဒေါက်တာ"

"ကျုပ်ကလည်း ခင်ဗျာလိုတာကို မငြင်းချင်ဘူးဗျ၊ ဖြင်တကြောင်းကလည်း ဆေးပညာရပ်တစ်ခုကို စူးစမ်းရာ တာအနေနဲ့ ကျုပ်ကိုယ်တိုင်လည်းစမ်းသပ်ကြည့်ချင်သေးတာ

ဤသို့ပင် ပြောလိုက်ရသော်လည်း ကျွန်ုပ်တို့ပြုလုပ် ကြမည့် စွန့်စားရှာဖွေမှုအကြောင်းကို စဉ်းစားမိသောအခါ ကျွန်ုပ်မှာ ရင်ထဲကပင် လေးမိသည်။

ကျွန်ုပ်။ ။ "ဒါဖြင့် ကျုပ်တို့ဘာယ်တော့ လုပ်ကြမှာလဲ

ရွက်။ ။ "အခုလုပ်တာပေါ့ဗျာ၊ ကျုပ်တော့ အသင့်ပဲ ဘာများ ပြင်ဆင်စရာတွေ လိုသေးလို့လဲ"

"မလိုပါဘူး . . .၊ အောက်ဆင်းပြီး ဓာတ်ခွဲခန်းထဲမှာ ဆေးရည်ရယ်၊ ထိုးဖို့အပ်ရယ်၊ တခြား တိုလီမိုလီကလေးတွေ





ပါတဲ့ ကျုပ်ဆေးအိတ်ရယ် ယူရုံပါပဲ"

နောက်ဆေးတံခါးကို ဖွင့်သော့မခတ်မီ ကျွန်ုပ်သည်အပြင် သို့ကြည့်လိုက်ရာ လေသည် ပြင်းထန်သည်ထက်ပြင်းထန်၍ လာလျက် ကြောက်မက်ဖွယ်ကောင်းသော မုန်တိုင်းသံများကို ကြားရ၏။ သို့နှင့် ကျွန်ုပ်သည် တံခါးကိုပိတ်၍ ယူဖွယ်ရန်ရှိ သည်များကို ယူခဲ့ပြီးလျှင် ကျွန်ုပ်တို့အိပ်ခန်းရှိရာသို့ လာခဲ့၏။

ကျွန်ုပ်။ ။ "မုန်တိုင်း အတော်ထန်နေတယ်ဦးဘိုးရွက်"

သူသည် ကျွန်ုပ်အား စကားပြန်၍မပြောချေ၊ ဆေးရည်ပြွန်က လေးကိုသာ ကြည့်ရှုပြီးလျှင် အသက်ရှုလည်း ယခင်ကထက် မြန်လျက်ရှိလေသည်။

ကျွန်ုပ်။ ။ "စိတ်ကို ခပ်အေးအေးထားမှပေါ့ ဦးဘိုး ရွက်"

ဤသို့ပင်ပြောလိုက်ရသော်လည်း ကျွန်ုပ်ကိုယ်တိုင် လည်း တဆတ်ဆတ် ရင်ခုန်လျက်ရှိလေသည်။

ကျွန်ုပ်သည် ဆေးရည်ကို အပ်အတွင်းသို့သွင်း၍ အိပ် ဆေးကိုလည်း ကျွန်ုပ်အတွက် သူ့ထက်အနည်းငယ်ပိုပြီးလျှင် အသင့်ပြင်ဆင်ထား၏။ ထို့နောက် ကျွန်ုပ်တို့လည်း အိပ်ဆေး ကို ရှေးဦးစွာသောက်လိုက်ကြလေသည်။ သောက်၍ပြီးသော အခါ ကျွန်ုပ်သည် ဆေးရည်တစ်ဝက်ကို ဦးဘိုးရွက်အားထိုးပေး ၍ ကျန်တစ်ဝက်ကို ကျွန်ုပ်လက်မောင်းမှ သွေးကြောအတွင်း သို့ ထိုးနှံလိုက်၏။ ထိုအချိန်၌ကား အိပ်ဆေးသည် တန်ခိုးပြ ၍လာဟန်ဖြင့် ကျွန်ုပ်လည်း ဦးခေါင်းထဲတွင် လေးလံ၍လာ ပြီးလျှင် မျက်တောင်များလည်း စင်း၍လာလေပြီ။

"ကိုင်း . . . ငြိမ်ငြိမ်ကလေးသာ ပက်လက်လှန်အိပ်

နေ ဦးဘိုးရွက်၊ ကျုပ်လည်း အိပ်တော့မယ်"

ဟုသာပြောလိုက်နိုင်တော့၏။ ကျွန်ုပ်တို့မှာ အိပ်ရာချင်းယှဉ်လျက်ရှိသဖြင့် ဦးဘိုးရွက်သည် ခေါင်းအုံးပေါ်သို့ ပက်လက်လှန်၍ ချလိုက်၏။ ကျွန်ုပ်လည်း ခပ်စောင်းစောင်းလှဲ၍ လိပ်လိုက်ရာ ဦးဘိုးရွက်သည် ကျွန်ုပ်လက်မောင်းပေါ်သို့ သူ၏ လက်ကိုတင်၍ ဆုပ်ထားလိုက်လေသည်။ ထို့နောက် ကျွန်ုပ်၏ မျက်တောင်များမှာ ခဲများဆွဲ၍ထားဘိသကဲ့သို့ လေးလံသည်ထက်လေးလံ၍လာပြီးလျှင် သစ်တုံးတစ်တုံးကိုထိုးချထားလိုက်ဘိသကဲ့သို့ တစ်ခါတည်း အိပ်ပျော်၍သွားလေ၏။

* * * * *

အိပ်ပျော်နေသည်ထင်ရသော အချိန်အတွင်း၌ပင် ကျွန်ုပ်၏စိတ်သည် လှုပ်ရှားလာ၏၊ ကျွန်ုပ်၏ ပတ်ဝန်းကျင်မှာ လူ့လောကနှင့်မတူ ထူးခြားသော အငွေ့အသက်တို့ဖြင့် ဝိုင်းရံလျက်ရှိ၏။ မြူနှင်းများ သန်းသကဲ့သို့ရှိနေသော ကျွန်ုပ်၏ အသိဉာဏ်သည် တဖြည်းဖြည်းကြည်လင်စပြုလာပြီဖြစ်ရာ ယခင်က မတွေ့ဘူး၊ မကြုံဘူးသော အဖြစ်မျိုးကို တဖြည်းဖြည်း ခံစားမိတော့၏။

ကျွန်ုပ်မှာ အလွန်ထူထပ်သော သစ်ပင်အုပ်ကြီးများ၊ ခြုံပုတ်များ၊ မြက်ပင်ရှည်ကြီးများဖြင့် ထူထပ်မှောင်ဖုံးအုပ်လျက်ရှိသော တောနက်ကြီးတစ်ခုအတွင်းသို့ ရောက်နေ၏။ ကျွန်ုပ်၏ နှာခေါင်း၌ ထူးခြားသောအတွေ့တစ်မျိုးကို ခံစားမိလေရာ ကျွန်ုပ်မှာ လန့်၍ပင် အော်လိုက်မိသည်။ ယင်းကဲ့သို့ အော်လိုက်သောအသံမှာ ကျွန်ုပ်၏လည်ချောင်းထဲမှ ထွက်နေကျ အသံမျိုးမဟုတ်ဘဲ လိုဏ်သံပါသော ဟိန်းသံကြီးတစ်ခုဖြစ်၏။





ယင်းအသံသည် မြေကိုပင် တုန်၍သွားစေ၏။

ကျွန်ုပ်သိရပေပြီ၊ ကျွန်ုပ်၏စိတ်ကား ဆင်တစ်ကောင်၏ ကိုယ်အတွင်းသို့ ဝင်ရောက်လျက်ရှိနေလေပြီ၊ ကျွန်ုပ်၏ ဦးခေါင်းကား နှာမောင်းကြီးတစ်ခုဖြစ်၍နေလေပြီ။ ကျွန်ုပ်၏ အင်အားကား အဆမတန်ကြီးမားလှသည်။ ကျွန်ုပ်သည် အနီးရှိသစ်ပင်ငယ်တစ်ပင်ကို နှာမောင်းဖြင့်ရစ်ပတ်ဆွဲယူလိုက်ကာ အမြစ်မှ ကျွတ်ထွက်စေပြီးနောက် နံဘေးသို့ဝှေ့ရမ်းပစ်လိုက်၏။ ကျွန်ုပ်၏ "ဟင်း" ခနဲ သက်ပြင်းချလိုက်သံကြီးပင် ပတ်ဝန်းကျင်ကို တုန်၍သွားစေသည်။

သို့ရှိစဉ် ကျွန်ုပ်နောက်ဘက်ဆီမှ ခပ်တိုးတိုး ဟိန်းဟောက်သံတစ်ခုကို ကြားရသဖြင့်၊ ကျွန်ုပ်၏ကိုယ်ကြီးကို ဖျတ်ခနဲ လှည့်၍ကြည့်လိုက်မိ၏။ ခြုံပုတ်တစ်ခု၏ အောက်၌ကား ကျားကြီးတစ်ကောင်သည် ဝပ်လျက်ရှိသည်။ ကျွန်ုပ်သည် ခြိမ်းခြောက်သည့်သဘောဖြင့် နှာမောင်းကို မြှောက်ကာ မြေကိုပုတ်ခတ်လိုက်၏။ သို့သော် ကျားသည် နေရာမှမရွေ့ချေ။ သူ၏ မျက်လုံးများကို မြင်ရသောအခါ ကျွန်ုပ်သည် ကောင်းစွာသိတော့၏။ ကျားမှာ အခြားသူမဟုတ် ဦးဘိုးရွက်ပင် ဖြစ်လေသည်။ ဦးဘိုးရွက်မှာ ကျားဘဝသို့ ရောက်ရှိနေလေပြီ။

ကျွန်ုပ်က သူ့အားမှတ်မိသည့်အကြောင်းကို သူ ကောင်းစွာနားလည်၍ ဝမ်းမြောက်ဟန်ရှိသည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ နှုတ်မှ တစ်စုံတစ်ရာမပြောနိုင်သော်လည်း တစ်ဦးကိုတစ်ဦး သိကြသည့်အဖြစ်မျိုးကိုပင် ဝမ်းမြောက်မိကြသည်။ သူသည် အညောင်းအညာဆန့်သည့်ဟန်ဖြင့် ခြုံပုတ်မှထွက်ခါ မြက်ခင်းကလေးတစ်ခုပေါ်တွင် နှစ်ကြိမ်၊ သုံးကြိမ်မျှ ကျွမ်းပစ်

ဓါ ခုန်ပျံကစားလိုက်သည်။

နောက်ဆုံး၌ သူသည် မောပန်းသွားသည့်ဟန်ဖြင့်
ကျွန်ုပ်ရှိရာသို့လာရောက်ကာ ကျွန်ုပ်၏လက်ကို သူ၏နောက်
ကျောဖြင့် ကြောင်ကလေးတစ်ကောင်သဖွယ် ပွတ်သပ်လေရာ
ကျွန်ုပ်လည်း သူ့အားနှာမောင်းဖြင့် ကျောပေါ်သို့ရစ်ပတ်မွေ့ချီ
၍ တင်လိုက်ပြီးလျှင် တောအုပ်အတွင်းသို့လျှောက်၍ပြေး၏။
မကြာမီ ချောင်းကမ်းပါးတစ်ခုသို့ ရောက်လာ၍ ကျွန်ုပ်တို့
လည်း ကြည်လင်အေးမြသော ချောင်းရေကို အဝသောက်ကြ
၏။ တစ်ဂါလံမျှသောရေပင် ကျွန်ုပ်တို့၏စိတ်တွင် တစ်ခွက်
လောက်မျှသာ ထင်မိ၏။ ရေကို ကျွန်ုပ်က နှာမောင်းဖြင့်ယူ၍
သူ့အားပက်၍ ကစားရသည်ကိုပင် ကျေနပ်မိ၏။ သို့ရှိစဉ် မနီး
မဝေးမှ သစ်ကိုင်းခြောက်များကို တဖြောင်းဖြောင်းနင်းလာ
သည့်အသံကို ကြားလိုက်ရပြီးလျှင် ယင်းအသံနှင့်အတူ ဟိန်း
သံကြီးတစ်ခုကိုလည်း ကြားလိုက်ရလေသည်။

ကျွန်ုပ်တို့နှစ်ဦးစလုံးပင် အသံကြားရာဘက်သို့ မျက်
နှာမူလိုက်၏။ ထိုခဏတွင် ဘယ်ယိမ်း၊ ညာယိုင်ဖြစ်နေသော
သစ်ကိုင်းများကြားမှ ဆင်ကြီးတစ်ကောင်ပေါ်လာလေသည်။
ဆင်ကြီးသည် အမျက်တစ်ချောင်းချောင်းထွက်နေသည့် ဟန်
ဖြင့် နားရွက်ကြီးများကို တဖျတ်ဖျတ်ခတ်လိုက်ကာ တိုက်ခိုက်
ရန် ကျွန်ုပ်တို့ရှိရာသို့ တဟုန်ထိုးပြေးဝင်လာတော့၏။ ကျွန်ုပ်
သည် စိုးရိမ်စွာဖြင့် ဦးဘိုးရွက်အား လှမ်း၍ကြည့်လိုက်မိသေး
၏။ သူသည်လည်း ကျွန်ုပ်ကဲ့သို့ပင် တိုက်ခိုက်ရန် အသင့်ရှိ
နေလေသည်။ ပြေးရန်ကား အချိန်မရှိတော့ပြီ။ ကျွန်ုပ်တို့
နောက်တွင် ချောင်းရှိသဖြင့် ချောင်းကိုဖြတ်၍ကူးရန်မှာလည်း





ရန်သူကိုအားပေးသကဲ့သို့ ရှိနေတော့မည်။ ကျွန်ုပ်မှာလည်း
ထိုအချိန်တွင် စိတ်ထလာပြီဖြစ်၍ ရန်သူကိုလမ်းခုလတ်တွင်
တွေ့ဆုံလေ၏။ ကျွန်ုပ်တို့ ထိတွေ့သော အသံကြီးကား
မီးရထားနှစ်တွဲ ပြိုင်၍တိုက်သကဲ့သို့ "ဂျိုင်း" ခနဲမြည်ကာ တစ်
တောလုံးကို ပဲ့တင်ထပ်၍ သွားစေ၏။

ကျွန်ုပ်၏ ရန်သူကား စူးရှ၊ ကျယ်လောင်စွာဟစ်အော်
လိုက်သည်၊ ဦးဘိုးရွက်သည် ကျွန်ုပ်တို့ ၂ ဦးယှဉ်ပြိုင်တွေ့ဆုံ
သောအချက်ကောင်းကို စောင့်၍နေပြီးလျှင် ကျွန်ုပ်တို့တွေးလုံး
မှုးသတ်လိုက်သည်နှင့်တစ်ပြိုင်နက် ရန်သူ၏လည်မျိုကိုခုန်၍
ကိုက်လေသည်။ ဆင်ကြီးမှာ လည်မျိုမှလည်းကောင်း၊ လက်ပုံ
နှင့် ရင်အုံမှလည်းကောင်း အသားတစ်ကြီးများထွက်ကာ သွေး
များယိုစီးကျလျက်ရှိသည်။ သို့နှင့် ၎င်းသည် ဦးဘိုးရွက်အား
လှည့်၍ တိုက်ခိုက်မည်ပြုသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည်
၎င်း၏နံဘေးကို ကျွန်ုပ်၏အစွယ်နှစ်ချောင်းဝင်သွားသည်အထိ
တအားပြေး၍ ထိုးနှက်လိုက်လေသည်။

ဆင်ကြီးသည် ဟစ်အော်ရင်း နံဘေးသို့ယိုင်၍လဲကျ
သွားရာ ကျွန်ုပ်မှာ တစ်စုံတစ်ရာ နာကျင်ထိခိုက်ခြင်း မရှိသော်
လည်း ဦးဘိုးရွက်၏ ကိုယ်တစ်ခြမ်းနှင့် ခြေထောက်မှာမလွတ်
ဘဲ ပိ၍သွားလေသည်။

ထိုအခါ၌ ကျွန်ုပ်၏စိတ်သည် ပေါ့ပါးစွာရှိလျက်နေ
ရာမှ တဖြည်းဖြည်း လေးလံ၊ ထိုင်းမှိုင်း၍လာလေ၏။ ပထမ
၌ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ရန်သူနှင့် ယှဉ်တိုက်ခိုက်ရသဖြင့်
ဖြစ်ရသည်ဟု ယူဆမိသော်လည်း ချက်ချင်းလိုပင် ကျွန်ုပ်သိရှိ
ရတော့၏။ ကျွန်ုပ်ဝင်ရောက်နေသော ဆင်၏စိတ်သည် ကျွန်ုပ်

အား ၎င်း၏ကိုယ်တွင်းမှ အတွင်းတွန်းကန်၍ ထုတ်နေခြင်းပင် ဖြစ်လေသည်။

သို့နှင့် ကျွန်ုပ်လည်း အနီးတွင်ရှိနေသော ဦးဘိုးရွက် အား ကျွန်ုပ်ကဲ့သို့ဖြစ်လေမည်လောဟု ကြည့်လိုက်၏။ သို့သော် ဦးဘိုးရွက်မှာကားတစ်စုံတစ်ရာ ထူးခြားခြင်းမရှိချေ။ ကျွန်ုပ်ဝင်ရောက်နေသော ဆင်၏ကိုယ်မှာ ကျား၏ကိုယ်ထက် သုံး လေးဆမက ကြီးမားရကား ဆေးရည်ကိုစုတ်ယူရာတွင် ကိုယ်လုံးကိုယ်ထည်ကြီးမားသော တိရိစ္ဆာန်က ပို၍အစုတ်မြန် သဖြင့် ဆေး၏တန်ခိုးသတ္တိ ပျက်ပြယ်ရာတွင်လည်း ဆင်က ကျားထက်ပို၍မြန်ကြောင်း ကျွန်ုပ်ကောင်းစွာရိပ်စားမိလေပြီ၊ ကျွန်ုပ်သည် သူ၏နံဘေးသို့သွားရောက်ကာ ဆေးတန်ခိုး မပြယ်မီ တောနက်ရာတစ်နေရာတွင် သွားရောက်ပုန်းအောင်း နေရန်အချက်ပြု၏။ သို့သော် ဦးဘိုးရွက်သည် ကျွန်ုပ်ပြောလို သည့်အဓိပ္ပါယ်ကို နားလည်ဟန်မရှိဘဲ ရန်သူအားတိုက်ခိုက် အောင်မြင်ခဲ့သည်ကိုပင် ဝမ်းမြောက်နေသည့် လက္ခဏာဖြင့် အကြောင်သားကြည့်၍ နေ၏။

ထိုအချိန်၌ ဆင်၏ကိုယ်တွင်းမှ ကျွန်ုပ်အား အတင်း တွန်းထုတ်လျက်ရှိသော အင်အားသည် ယခင်ကထက် ကြီး မား၍လာသဖြင့် ကျွန်ုပ်သည် ဦးဘိုးရွက်ကို နောက်ဆုံးကြည့် လိုက်ပြန်၏။ သို့သော် ဦးဘိုးရွက်သည် ဆိုလိုရင်းအဓိပ္ပါယ် ကို နားမလည်ရှာဘဲ သူ့အားခေါ်သည်အထင်ဖြင့် ကျွန်ုပ်ရှိရာ သို့ တဖြည်းဖြည်း တွား၍လာလေသည်။ ဆင်ကြီးကမူ သူ့ အား ဒေါသထွက်သော မျက်လုံးများဖြင့် စွေ၍ကြည့်နေသည်။ ကျွန်ုပ်သည် စိတ်ကိုတင်းကာ ဆင်၏ကိုယ်ကြီးအတွင်းသို့ ပြန်



၍ဝင်ရန် အပြင်းအထန်ကြိုးစားလျက်ရှိ၏။ သို့သော် မရတော့ ပြီ၊ ဆေး၏တန်ခိုးကား ပျက်ပြယ်၍သွားချေပြီ။

နောက်ဆုံး၌ ကျွန်ုပ်၏စိတ်သည် ဆင်၏ကိုယ်လုံး ကြီးအတွင်းမှ လုံးလုံးလွတ်ထွက်သွားသည်နှင့်တစ်ပြိုင်နက် ဆင်ကြီးသည် အနီးသို့ချဉ်းကပ်လာသော ဦးဘိုးရွက်အား ခြေ ဖြင့်တအား ရှပ်လိုက်သည်ကို မြင်လိုက်ရပြီးနောက် ကျွန်ုပ် လည်း ရုတ်တရက်အိပ်ပျော်သွားဘိသကဲ့သို့ မည်သည့်အရာကို မှ မသိတော့ဘဲ သတိလစ်၍သွားလေ၏။

* * * * *

ကျွန်ုပ်သတိရ၍ ကြည့်လိုက်သောအခါ၌ကား ကျွန်ုပ် အိပ်ရာဘေး၌ လူများစုရုံး၍နေကြပြီးလျှင် ထိုအထဲတွင် ပုလိပ် အရာရှိများကိုလည်း မြင်ရသည်။ အိပ်ရာချင်းယှဉ်လျက်ကျွန်ုပ် နှင့်အတူ ဆေးထိုးခဲ့သော ဦးဘိုးရွက်မှာမူ မလှုပ်မယှက်တော့ဘဲ စင်းစင်းကြီးသေလျက်ရှိလေရာ သူ၏တစ်ကိုယ်လုံးမှာ အရိုး များ ကွဲကြေလျက် ဖွဲအိတ်ကဲ့သို့ရှိနေတော့၏။ အထူးသဖြင့် သူ၏လက်ဝဲဘက်ခြေထောက်မှာ ပြားကပ်လျက်ရှိသည်။ ဤ သည်ကား ကျွန်ုပ်တွေ့ကြုံခဲ့သော အဖြစ်အပျက်ပါပေတည်း။

ဦးသာ

ဆရာဝန်

* * * * *